ထန်းပင်ကုန်းကျေးရွာ

တောင်ဘို့လှကျေးရွာအုပ်စု

ဝန်းသိုမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း

(၂၀၁၇–၂၀၂၁)



ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ထန်းပင်ကုန်းကျေးရွာ၊ ဝန်းသိုမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

ခေါင်းစဉ်	စာမျက်နှာ
မာတိကာ	၁
စကားချီး	၅
ထန်းပင်ကုန်း ကျေးရွာ **အရင်းအမြစ်ပြမြေပုံ၊** ဝန်းသိုမြို့နယ်	၇
ထန်းပင်ကုန်း ကျေးရွာ **ရာသီခွင်ပြ ပြက္ခဒိန်၊** ဝန်းသိုမြို့နယ်	၈

အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်

(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၉
(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက် ၉
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု ၁၀
(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား ၁၀
(ခ) သဘာဝအရင်းအမြစ်များ ၁၀
(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ
(က) လူဦးရေဆိုင်ရာ အချက်အလက်များ ၁၁
(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ၁၁
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု ၁၂
(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ ၁၂
(င) ကျန်းမာရေးနှင့် အာဟာရ ၁၂
(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု ၁၂
(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် ၁၃
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ ၁၃
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ၁၅
(ဃ) ရွှေပြောင်းလုပ်သားများ ၁၅
(င) ကုန်စည်နှင့် ဝန်ဆောင်မှု ဈေးကွက် ၁၆
(စ) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း ၁၆
(ဆ) ပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု ၁၆
(ဇ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ၁၈
(ဈ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊

သတင်းနှင့် ဆက်သွယ်ရေး ၁၈
(ည) လူငယ်နှင့် ယဉ်ကျေးမှု ၁၈
(ဋ္ဌ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး ၁၉
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၁၉
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၉
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၂၁
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ
(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ၂၂
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း ၂၃
(ဂ) ဦးစားပေး စီမံချက်များ ၂၄
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ ၂၆
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၆
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၈
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ ၂၈
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ ၂၈
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ ၂၉
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ ၂၉
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၉
(က) ကြီးကြပ်စစ်ဆေးခြင်း ၂၉
(ခ) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း ၃၀
(ဂ) နည်းပညာဆိုင်ရာ အကူအညီ ၃၁

နောက်ဆက်တွဲ

ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား ၃၂
ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း ၃၅
ရည်ညွှန်းချက်များ ၃၆
နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု
(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၃ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ
နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ဇယား ၄၃ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ကိုးကားစာရင်း
အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၈၁
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိ ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော် လည်း လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်း လမ်းများနှင့် လုပ်ထုံး လုပ်နည်း များကို မသိ ခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် စီမံကိန်း ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောစီမံကိန်းကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက် များထပ်ဖြည့်ပေး ခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းစီမံကိန်းများကို မူဘောင် အတွင်းပြုပြင် ပြောင်းလဲမှု များ ဆက်လက်လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက် နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံချက်ဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြု စီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ထန်းပင်ကုန်းကျေးရွာ
တောင်ဘို့လှကျေးရွာအုပ်စု
ဝန်းသိုမြို့နယ်

ထန်းပင်ကုန်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဝန်းသိုမြို့နယ်

ရည်ညွှန်း- ထန်းပင်ကုန်းကျေးရွာအရင်းအမြစ်ပြမြေပုံ - ထန်းပင်ကုန်းကျေးရွာ၊ တောင်ဘို့လှကျေးရွာအုပ်စု၊ ဝန်းသိုမြို့နယ်တွင်ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာ သူ/ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။ (၂၀၁၇၊ နိုဝင်ဘာလ ၂၅ ရက်)



ကျေးရွာ ထန်းပင်ကြီး

ရာသီခွင်ပြ ပြက္ခဒိန်

လ/ အလုပ်အကိုင်	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တော်သလင်း	သီတင်းကျွတ်	တန် ဆောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း
အလုပ်အကိုင် ☺😐☹												
	ရေပန်းသည်	ပဲအိတ်သည်	စပါးပျိုးသည်	စပါးနှံသည်	စပါးနှံသည်	ပဲသီးနှံသည်	နွေကြဲသည်	စပါးရိတ်သည်	စပါးရိတ်သည်	ရေပဲခွဲသည်	ပဲသီးကောက်	နွေးရိတ်သည်
	ရေယာသည်	ရေဘားသည်	ရေမွှားသည်	ရေမွှားဖုံးသည်	ရေမြှုပ်ဖုံးသည်					ရေဘားသည် ဘဝင်ခွိုသည်	ရေဘားသည် ဘဝင်ခွိုသည်	ရေဘားသည်
	ငါးဖမ်းခြင်း	ငါးဖမ်းခြင်း	ငါးဖမ်းခြင်း	မုဆိုးကင်း	ဝေးဘက်ကင်း	ဝေးဘက်ကင်း				ဟားဂျ်ခြင်း		ကြက်ရောဂါ
သီးနှံပိုးမွှားရောဂါ ကျရောက်မှု					ကြက်ငှက်ပိုး	ကြက်ခြောက်ပိုး	ကြက်ဖြတ်ပိုး					
				သင်္ကန်း ကပ်မြဲ							အလျင်းပဲမှား	ဘဲရာမြဲမှား
သဘာဝ ဘေးအန္တရာယ်			လေပြင်း မိုးတိုင်း	ရေကြီး ခြင်း	ရေကြီး ခြင်း							

အပိုင်း က

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်။ ။ ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေး လုပ်ငန်း အတွေ့အကြုံ များကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိ လာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည် ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤစီမံကိန်းတွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာ များ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့် အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများ နှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်း များကို လည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများနှင့် လွတ်တော်အား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့ အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင် ရွက်ရမည့် လုပ်ငန်း များအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာ နှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာ နှင့်ဆိုင် သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေး ဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု။ ။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလ တစ်ခုအတွင်း ကျွနုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြား အဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီ များကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှု ရစေကာ ဖွံ့ဖြိုးမှု ဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထု ပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုး ပေးရာ ရောက်ပါသည်။

ကျွနုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွနုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွနုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွား မည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား။ ။ ထန်းပင်ကုန်းကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဝန်းသိုမြို့နယ်၏ တောင်ဘို့လှအုပ်စု အတွင်းတည်ရှိသောကျေးရွာတစ်ရွာဖြစ်ပါသည်။ကျေးရွာ၏အရှေ့ဘက်တွင် တောတောင်တန်းဖြစ် သောပျော်တောင်တောင်ရိုးရှိပါသည်။ကျေးရွာ၏အနောက်ဘက်တွင် သွယ်တန်းစီးဆင်းလာသော ဒုံးဒုတ်ချောင်းတည်ရှိပြီးမြောက်ဘက်တွင် ရွာဦးဘုန်းတော်ကြီးကျောင်းနှင့်တောင်ဘက်တွင်

တောင်ဘို့လှကျေးရွာတို့တည်ရှိကြပါသည်။ကျေးရွာသည်မြေမျက်နှာသွင်ပြင်အားဖြင့်မြေပြန့်အနေအ
ထားတွင်တည်ရှိပါသည်။ပူအိုက်စွတ်စိုအေးချမ်းသောရာသီဥတုအခြေအနေဖြစ်ပါသည်။

(ခ) သဘာဝအရင်းအမြစ်များ ။ ။ကျွန်တော်တို့ထန်းပင်ကုန်းရွာနှင့်ရွာနီးပတ်ဝန်းကျင်ဒေသ
များတွင်သတ္ထုနှင့်အခြားတွင်းထွက်သယံဇာတများ(ဓါတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်)ထွက်ရှိခြင်း
မရှိပါ။ကျောက်၊သဲ၊ကျောက်စရစ်များကိုကျေးရွာအနီးပတ်ဝန်းကျင်နေရာများတွင်အနည်းငယ်သာရ
ရှိနိုင်ပြီးအသုံးချရာ၌ခက်ခဲမှုများရှိပါသည်။သဘာဝအပင်မျိုးစိတ်များအဖြစ်ဆေးဘက်ဝင်အပင်များ
ရှားပါးပြီးနွားစာအနေဖြင့်အနည်းငယ်သာရှိပြီးခက်ခဲမှုရှိပါသည်။

(၃) လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်လက်များ။ ။ ကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ကြ ပါသည်။
အိမ်ထောင်စု(၅၀)စုရှိပြီး လူဦးရေ စုစုပေါင်း(၂၈၉)ဦးရှိပါသည်။ ကျွန်တော်တို့ ရွာ၏ လူဦးရေမှာ
နို့စို့အရွယ်ကျား ၁ဦး၊ မ ၅ ဦးရှိပြီးကျန်းမာရေးကောင်မွန်စွာသန်စွမ်းလျက်ရှိပါသည်။
၅နှစ်အောက်ကလေးငယ်မှာ ကျား ၅၊ မ ၁၄ဦးရှိပြီးစာသင်ကျောင်းပျော်(KG)၊
တန်းတက်ရောက်လျက်ရှိပါသည်။မူလတန်းကျောင်းသားအရွယ် ၁၀နှစ်အောက် ကျား ၈၊ မ ၆ဦး၊
လက်ရှိပညာသင်ကြားလျက်ရှိပါသည်။အလယ်တန်းကျောင်းသားအရွယ်(၃၁)ဦးပြီးကျောင်းထွက်သူ
(၁၀)ဦးရှိပါသည်။၁၅နှစ်မှ ၆၅နှစ် အလုပ်လုပ်နိုင်သည့်အရွယ်မှာ ကျား၁၀၉၊ မ ၉၁၊
၆၅နှစ်နှင့်အထက်သက်ကြီးရွယ်ကြီးအနေဖြင့်ကျား၈မ၁ဦးရှိပြီးမိသားစု၀င်များနှင့်အတူနေထိုင်ကာ
တရားဘာဝနာအားထုတ်လျက်ရှိကြပါသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ။ ။
ကျွန်တော်တို့ထန်းပင်ကုန်းကျေးရွာရှိအိမ်ထောင်အများစုမှာလယ်ယာစိုက်ပျိုးရေးကိုအဓိကစီးပွားရေ
းဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီးမွေးမြူရေးကိုတစ်ပိုင်တစ်နိုင်အနည်းငယ်သ
ာမွေးမြူကြပါသည်။ ဥပမာ-ကျွဲ၊နွား၊ ဝက်၊ ကြက်၊ ဘဲ တို့ဖြစ်ပါသည်။ ဝင်ငွေအခြေအနေမှာရာသီ
အလိုက်သာငွေကြေးဝင်ရောက်မှုအသင့်တင့်ရှိပါသည်။အချို့အိမ်ထောင်စုများအနေဖြင့်ကျပန်း(ဆော
က်လုပ်ရေး၊လက်သမား၊ပန်းရံ၊ယာဉ်၊စက်ကရိယ၊အိမ်သုံးပစ္စည်းများပြင်ဆင်ရေး၊လယ်ယာစိုက်ပျိုး
ရေးအင်္ဂါလိုက်ခြင်းစသည့်လုပ်ငန်းများတွင်နေ့စားအလုပ်သမားများအဖြစ်၀င်ရောက်လုပ်ကိုင်၍အ
သက်မွေးဝမ်းကျောင်းလျက်ရှိပါသည်။ဝန်ထမ်းမိသားစုလည်းအနည်းငယ်ရှိပါသည်။အခြားဒေသများ
သို့သွားရောက်၍မိမိတို့၏အိမ်စီးပွားရေးကောင်းမွန်လာအောင်၀င်ငွေရှာဖွေနေသူများလည်းရှိကြပါ
သည်။ကျေးရွာတွင်မြေယာမဲ့(၁၃) အိမ်၊၂.၅ဧကအောက်(၁)အိမ်၊၂.၅ဧကနှင့်၅ဧကကြား(၁၁)အိမ်၊၅ဧ
ကမှ၁၂.၅ဧကကြား(၂၂)အိမ်နှင့်၁၂.၅ဧကအထက်ပိုင်ဆိုင်မှု(၃)အိမ်ရှိပါသည်။မြေရာမဲ့အိမ်ထောင်စုများ
မှာတောင်သူလယ်သမားများကိုမှီခိုနေထိုင်ကြရပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်နစ်နာလွယ်မှု ။ ။ စားနပ်ရိက္ခာဖူလုံမှုစစ်တမ်းအရ ဆင်းရဲ
သော အိမ်ထောင်စု(၅၀)ရှိသည့်အနက် (၁၃) အိမ်ထောင်စုမှာ ၃လအောက် နှင့် ကျန် အိမ်ထောင်စု
သည် ၃လ မှ ၆လအထိ ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်ပါသည်။

အိမ်ထောင်စုများသည် ချေးငှား၍ဝမ်းစာဖြည့်တင်းကြရပါသည်။ ငွေချေးယူရာတွင် ငွေတိုးချေးစားသူများထံမှ ချေးငွေကိုရယူကြပြီး စားသုံးရန်နှင့် ကျန်းမာရေး၊ ပညာရေးများအတွက် အသုံးပြုကြပါသည်။

ကျွန်တော်ရွာတွင် လယ်ဧကခုဖ.၂ဧက ရှိပါသည်။ တစ်နှစ်တွင် စပါးတစ်ရာသီဘဲ စိုက်ပျိုး၍ရပါသည်။ စပါးကို ၁ဧကတွင် ပျမ်းမျှ ၅၀ တင်းမှ တင်း ၇၀ အများဆုံး ထွက်ရှိပါသည်။ တင်း၇၀ထွက်ရှိသောသူမှာ စပါးအထွက် အကောင်းဆုံးသူဖြစ်ပြီး ထွက်ရှိသူအလွန်ပင်နည်းပါးသည်။ စပါးကုန်သွားလျှင် စပါးကြိုပေးကို ငွေရှိသော သူများထံထားကြရပြီး ဝမ်းရေးကို လှည့်ပတ်ချေးငှားနေကြရသည်။

ကျွန်တော်တို့ရွာတွင် အဖိုးတန်သစ်တောများ ပြုန်းတီးလာခြင်းကြောင့် ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ မြေပြိုခြင်း၊ မြေဆီလွှာပျက်ဆီးခြင်းနှင့် မုန်တိုင်းဒဏ်များ အနည်းငယ်ခံစားရပါသည်။ ်း ငှက်ဖျားရောဂါကို အတော်အတင့် ခံစားရပါသည်။

ကျွန်တော်တို့ရွာတွင် မူးယစ်ဆေးဝါးသုံးစွဲသူများပြားလာခြင်းကြောင့် စားနပ်ရိက္ခာမဖူလုံခြင်း၊ ကူးစက်ရောဂါရရှိသူများပြားလာပြီး ဦးဆောင်နိုင်သော အမျိုးသားများ နည်းပါးလာခြင်းကြောင့် မြေယာမဲ့ ဆင်းရဲသားတောင်သူများ၊ လက်လုပ်လက်စား ကျပန်းများနှင့် အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသားအိမ်ထောင်စုများ၊ လှည့်လည်သွားလာ၍ ဈေးရောင်းရသူများ ပေါများလာသည်။

(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ။ ။ ကျွန်တော်တို့ရွာတွင်စာမတတ်သူမရှိပါ။

ကျွန်တော်တို့ရွာတွင် မူလတန်းအဆင့် ကျား(၆၁)ဦး၊ မ(၆၈)ဦးပေါင်း(၁၂၉)၊ အလယ်တန်းအဆင့်ကျား(၃၂)ဦး၊ မ(၂၄)ဦးပေါင်း(၅၆)ဦး၊ အထက်တန်းအဆင့်တွင် ကျား(၃၂)ဦး၊ မ(၁၅)ဦးပေါင်း(၄၇)ဦးနှင့် တက္ကသိုလ်ကောလိပ် အဆင့်ရှိသူကျား(၁၅)ဦး၊ မ(၁၇ဦးပေါင်း(၃၂)ဦးရှိပါသည်။ပညာရေးဂန်ထမ်း(၁၀)ဦးရှိပါသည်။ပညာတတ်မြောက်မှုအခြေအနေအသင့်အတင့်ကောင်းမွန်သောအနေအထားမှာရှိပါသည်။

(c) ကျန်းမာရေး နှင့် အာဟာရ။ ။ ကျွန်တော်တို့ထန်းပင်ကုန်းရွာတွင် မိုးဦးရာသီအစ၌ ဂမ်းလျှော ရောဂါနှင့် ငှက်ဖျားရောဂါအနည်းငယ် ခံစားရသည်။ ဧပြီလနှင့် မေလများတွင် သွေးလွန်တုတ်ကွေး ရောဂါကို အနည်းငယ်ခံစားရပါသည်။ ဥတုကူးပြောင်းချိန်တွင် အသက်ရှူလမ်းကြောင်းရောဂါများ လည်းဖြစ်ကြပါသည်။ ဥပမာ။ ဓါတ်မတည့်၊ ချောင်းဆိုး၊ နှာစေးနှင့် အခြားရောဂါများဖြစ်ပါသည်။

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု။ ။ ။ ကျွန်တော်တို့ထန်းပင်ကုန်းရွာတွင် အမျိုးသမီးအခွင့်အရေးနည်းပါးပါသည်။ရွာမှအမျိုးသမီးများသည် ပြင်ပအတွေ့ကြုံနည်းပါးပါသည်။ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက်အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သောကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင်တက်ကြွစွာပူးပေါင်းပါဝင်မှုမရှိပါ။မိန်းကလေးများအားအကြမ်းဖက်မှုတိုင်ကြားမှုမရှိပါ။ဥပဒေနှင့်တရားမျှတမှုဆိုင်ရာများအတွက်လူထု၏ အသိအမြင်အားနည်းလျက်ရှိပါသည်။မျိုးသမီးများသည်

မိမိတို့စားဝတ်နေရေးကိုသာ အားစိုက်နေရသဖြင့် လူမှုအဖွဲ့စည်းနှင့် ကျေးရွာ၏ စီမံအုပ်ချုပ်မှုများတွင် ပါဝင်ဦးဆောင်နိုင်မှုမရှိပါ။ ကျွန်တော်တို့ရွာတွင် ပြင်ပ အဖွဲ့အစည်းများမှ ကူညီထောက်ပံ့မှုနှင့် အသိပညာပေးမှုများမရှိပါ။ ကျေးရွာ၏ သာရေးနာရေးများ တွင် အမျိုးသမီးများက ချက်ပြုတ်တာဝန်ယူပြီး အမျိုးသမီးငယ်များက ကျွေးမွေးမှုတာဝန်ကို လုပ်ကိုင်ကြရပါသည်။ မရှိပါ။ လူငယ်သဘာဝ ချစ်ကြိုက်မှုကြောင့် ဖြစ်တတ်သည့် ပြဿနာ အနည်းငယ် ရှိပါသည်။ အမျိုးသားများ၊ မိသားစုဝင်များနှင့် ပြင်ပအဖွဲ့အစည်းများ ပံ့ပိုးနိုင်လျှင် အမျိုးသမီးများ၏ ဘဝသည် မီးဖိုချောင်ထဲတွင် အချိန်မကုန်ဆုံးဘဲ ရပ်ရွာနှင့် နိုင်ငံ၏အကျိုးစီးပွားကို သယ်ဆောင် နိုင်သော အမျိုးသမီးများ ကျွန်တော်တို့ ထန်းပင်ကုန်းရွာတွင် အများကြီးရှိပါသည်။

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်း များ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ် အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာ အထောက်အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်။ ။ကျွန်တော်တို့ရွာ၌ စနေ၊တနင်္ဂနွေနေ့များတွင် ခမ္မစကူးလ် ကလေးသူငယ် ယဉ်ကျေးမှုသင်တန်းကို ဆရာ၊ဆရာမ(၄)ဦးနှင့် သင်ကြားပေးနေသည်။ သာရေး၊ နာရေး၊ လူမှုရေးကိစ္စအဝဝများတွင် လူငယ်အမျိုးသား၊ အမျိုးသမီး: (၂၈)ဦးက ဦးဆောင်၍ တာဝန်ထမ်းဆောင်ပေးကြသည်။ ဘာသာရေးကိစ္စများတွင် ဂေါပက(၇)ဦးက ဦးဆောင်၍ တက်ညီ လက်ညီနှင့်တစ်ရွာလုံးဆောင်ရွက်ကြသည်။ကျေးရွာအတွင်းတောင်သူလယ်သမားများရှိသောကြောင့် သမဝါယမငွေစုငွေချေးအဖွဲ့လည်းအောင်မြင်မှုအနည်းငယ်ရှိပါသည်။

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ။ ။ ကျွန်တော်တို့ ထန်းပင်ကုန်းကျေးရွာတွင် မြေယာ မဲ့ (၁၃)အိမ်၊ ဆင်းရဲသောတောင်သူလတ်၊တောင်သူကြီး၊တောင်သူငယ် အိမ်ထောင်စု(၅၈)ရှိပါသည်။ တောင်သူတစ်ဦလျှင် (၁၂)ဧကပိုင်ဆိုင်သူသည် လယ်ယာမြေ အများဆုံးပိုင်ဆိုင်သူဖြစ်ပြီး ရွာတွင် (၁၂)ဧကပိုင်ဆိုင်သူ (၃)ဦးသာရှိပါသည်။ (၅)ဧကမှ (၁၂)ဧကကြားပိုင်ဆိုင်သူ (၂၂)ဦးရှိပြီး ကျန်တောင်သူများမှာ (၂.၅)ဧကမှ (၅)ကြား ပိုင်ဆိုင်ကြပါသည်။ မြေယာပိုင်ဆိုင်သူများမှာ အလယ်အလတ်အဆင့်မှာရှိပြီး ဝင်ငွေအသင့်အသင့် ရှိပါသည်။ မြေယာမဲ့ အိမ်ထောင်စုများမှ တောင်သူလယ်သမားများကို မှီခိုနေထိုင်ကြပါသည်။

မိမိတို့ကျေးရွာတွင် လက်ငင်းရေတွင်းများ ကျေးရွာ၏ အရှေ့တောင်ဘက်တွင်စိမ့်စမ်းရေကန်နှင့် ရွာအနောက်ဖက်(၆)ဖာလုံအကွာတွင် ဒုံးတုတ်ချောင်း မြောက်မှ တောင်သို့သွယ်တန်းစီးဆင်းလျက်ရှိပါသည်။ မိုးတွင်းကာ ဝါဆိုမှ နတ်တော်လအထိ ရေဖူလုံသော်လည်း နောက်လများတွင် တစ်စတစ်စနည်းသွားမှုရှိပါသည်။ ရေတွင်းဇရိယာကတော့ ချောင်းရှိပါသော်လည်း မိုးတွင်းမှရေရှိပြီး နွေကာလတွင် ခမ်းခြောက်သွားပါသည်။ ထို့ကြောင့် လယ်မြေများသည် မိုးရေခံလယ်မြေများသာဖြစ်ပါသည်။

ကျွန်တော်ရွာ၏ အဓိကစိုက်ပျိုးသီးနှံမှာ စပါးဖြစ်ပါသည်။ ရာသီဥတုကောင်းမွန်ပါက အများဆုံး(၁)ဧကလျှင် တင်း(၇၀) ၊အနည်းဆုံး(၅၀) ထွက်ရှိပါသည်။ စပါးစိုက်ပျိုးနိုင်သည့်ကာလမှာ ဝါဆိုမှ တော်သလင်းလနောက်ဆုံးထား၍ စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးသုံးစက်ကိရိယာများ အနည်းငယ်ပိုင်ဆိုင်ကြပြီး အများအားဖြင့် ငှားရမ်းလုပ်ကိုင်ကြရပါသည်။ လက်တွန်းထွန်စက် (၈)စီး ရေစုတ်စက် (၄)ခု မြက်ရိတ်စက် (၆)ခုသာ ရှိပါသည်။ ရာသီအလုက် ငှားရမ်းလုပ်ကိုင်ဆောင်ရွက်မှုကပိုများပါသည်။ ထို့ကြောင့် စိုက်ပျိုးရေးအတွက် ကုန်ကျငွေ အမှန်အကန်များပြားလှပါသည်။

စိုက်ပျိုးမှုနှင့် ပတ်သက်ပြီးရာသီဥတုမှန်ကန်မှုမရှိပါ။ ကျေးရွာအနေနှင့် လယ်/ယာမြေအသုံးချနိုင်မှုမှာ အသင့်အသင့်ရှိပါသည်။ ဓါတုပိုးသတ်ဆေး ၊ဓါတ်မြေဩဇာနှင့် အခြားဓါတူဗေဒသွင်းသားစုများ ဝယ်ယူရနိုင်ပါသည်။ ကျေးရွာအနေဖြင့် စိုက်ပျိုးရေးအရင်းအမြစ်အလွယ်တကူမရရှိနိုင်ပါ။ အစိုးရစိုက်ပျိုးရေးဘဏ်များမှ ချေးငွေများရနိုင်သော်လည်း တောင်သူများလိုအပ်သည့် စိုက်ချိန်တွင်အချိန်မှီစိုက်ချိန်မရပါ။ တောင်သူများမှာ လက်ရှိအချိန်တွင် ရာသီဥတုဖောက်ပြန်မှုကြောင့် သီးနှံအထွက်တိုးဖို့ အခက်အခဲများရင်ဆိုင်နေရခြင်း၊ ဓါတ်မြေဩဇာနှင့်ဓါတုပိုးသတ်ဆေးများသုံးရန်နည်းလမ်းမရှိခြင်း၊တောင်သူများမှရမ်းကုပမာအသုံးပြုလုပ်ကိုင်နေရပါသည်။ဖျက်ပိုးများကြောင့်အထွက်နှုန်းလျော့ကျခြင်းများရင်ဆိုင်နေရပါသည်။သီးနှံထွက်ကုန်များရောင်းချရာတွင်လည်း ဈေးနှုန်းမှန်ကန်စွာရောင်းချနိုင်ပါသည်။

ကျွန်တော်တို့ရွာ၏ မွေးမြူရေးလုပ်ငန်းသည် တစ်နိုင်တစ်ပိုင် မွေးမြူရေးဖြစ်ပါသည်။ အဓိကမွေးသည့် တိရိစ္ဆာန်များမှာ ကျွဲ၊ နွား၊ ဝက်၊ ကြက်တို့ ဖြစ်ပါသည်။ ကျယ်ကျယ်ပြန့်ပြန့် စီးပွားဖြစ်ငါးမွေးမြူရေးကို လုပ်ကိုင်သူများမရှိပါ။ စီးပွားဖြစ်မွေးမြူရေးကို အဓိကလုပ်ကိုင်ချင်သော်လည်း မွေးမြူရေး နည်းပညာ ၊ အတတ်ပညာမရှိခြင်း နှင့် အရင်းအနှီးငွေမရှိခြင်းကြောင့် ဖြစ်ပါသည်။

ကျွန်တော်တို့ရွာတွင် စားကျက်မြေများ အသင့်အတင့်ရှိပါသည်။ မွေးမြူရေးကို လုပ်ကိုင်ဖို့ အလားအလာ အမြောက်အများ ရှိပါသည်။ ချောင်း၊ မြောင်း၊ စိမ့်စမ်းရေများရှိခြင်း၊ သဘာဝတောတောင်များရှိခြင်း၊ မြေလွတ်၊ မြေလပ်များရှိခြင်း ရေရရှိမှုမှာလည်းအသင့်အတင့်တို့ ဖြစ်ပါသည်။ မွေးမြူရေးကို တွင်တွင်ကျယ်ကျယ် လုပ်ကိုင်လို့ရသည့်နေရာများ ရှိပါသည်။ ကျွန်တော်တို့၏ ရွာသည် မွေးမြူရေးအတတ်ပညာ၊ အသိပညာများ၊ မွေးမြူရေးဝန်ဆောင်မှု ရရှိလျှင် ကျွန်တော်တို့ ဒေသအတွက် အရမ်းကိုအဆင်ပြေပြီး ရွာသူ၊ ရွာသားများအတွက် အလုပ်အကိုင်ရှားပါးမှု ပြဿနာ ကို ဖြေရှင်းနိုင်ပြီး မိသားစုတစ်ကွဲတစ်ပြားဖြင့် ရပ်ဝေးသို့သွားရောက်၍ စီးပွားရှာစရာမလိုတော့ပါ။

ကျွန်တော်တို့ရွာတွင် မွေးမြူရေးကို အဓိကထားပြီး လုပ်ကိုင်ရာတွင် စားကျက်မြေများနှင့် ချောင်း၊မြောင်းရှိသော်လည်း မျိုးကောင်းမျိုးသန့် တိရိစ္ဆာန်များမရရှိခြင်း ၊ အစာ၊ ဆေးများ

လက်လမ်းမှီမှု မရှိခြင်း၊ ဝန်ဆောင်မှုနှင့် နည်းပညာ ပံ့ပိုးမှုများ အလွယ်တကူမရနိုင်ခြင်း၊ ထုတ်ကုန် ရောင်းဝယ်မှုမှာ လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြောင့် ဈေးနှုန်းမှန်ကန်စွာ မရရှိခြင်းများ ရှိပါသည်။ မွေးမြူရေးကို တစ်နိုင်တစ်ပိုင်လုပ်ကိုင်ကြပြီး စီးပွားလုပ်ကိုင်ချင်သော်လည်း မွေးမြူရေး နည်းပညာများနှင့် ချေးငွေ ဝန်ဆောင်မှုမရှိပါ။ ကျွန်တော်တို့ရွာတွင် ကြက်၊ ဝက်၊ ဘဲ၊ နွား၊ ငါးများ မွေးမြူလို့ရနိုင်ပါသည်။ မွေးမြူရေးကို ရွာသူ၊ရွာသားများ စိတ်ဝင်စားလျက်ရှိပြီး မွေးမြူရေး အထောက်အကူပြု လုပ်ငန်းများ လိုအပ်နေပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ။ ။ ကျွန်တော်တို့ ထန်းပင်ကုန်းရွာတွင် လုပ်သားအင်အားရရှိနိုင်မှုရှားပါးပါ သည်။ကျောင်းသူကျောင်းသားများဖြစ် နေသောကြောင့်၎င်း၊မြို့ပေါ်၌ကျောင်းအိပ်ကျောင်းစားအဖြစ်ပညာသင်ကြားနေကြသောကြောင့်၎င်း ြစ်ပါသည်။ သားငါးထွက်ကုန်မဟုတ်သော အခြားဒေသထွက်ကုန်များကို ရောင်းချရန် ဈေးကွက်သီးသန့်မရှိပါ။ ကုန်ကြမ်းများ ရရှိမှုသည်လည်းအားနည်းပါသည်။အရည်အသွေး အားနည်းနေမှုကြောင့် ဈေးကောင်း မရပါ ။ ဈေးကွက်ဆိုင်ရာ အသိအမြင်များလည်း ကျွန်တော်တို့ရွာကလေးများ လိုအပ်နေပါသည်။ ချေးငွေများ အစိုးရစိုက်ဘဏ်ချေးငွေ တစ်မျိုးတည်းသာရှိပြီး ပြင်ပအဖွဲ့အစည်းနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများမှ ချေးငွေများမရရှိပါ။ ထိုချေးငွေများလည်း ကျွန်တော်တို့ ရွာသားများ လိုအပ်နေ ပါသည်။ လမ်းပိုင်းဆိုင်ရာများကလည်းညံ့နေသေးသည့်အနေအထားတွင်တည်ရှိပါသည်။

(ဃ) ရွှေ့ပြောင်းလုပ်သားများ။

။ကျွန်တော်တို့ထန်းပင်ကုန်းရွာတွင်မိုးတွင်းကောက်စိုက်ချိန်နှင့် စပါးရိတ်ချိန်များတွင် အလုပ်အကိုင်ရှိပြီး ဆောင်းတွင်းမှစ၍ နွေရာသီအထိ အလုပ်အကိုင်မှာ ရွှေတွင်းအလုပ်မှလွဲ၍ လုပ်စရာအလုပ်မရှိပါ။ ထို့ကြောင့်ရရှိထားသော စပါးနှမ်းများကို ငွေလိုလျှင် ရောင်းချ၍ သုံးစွဲရသောကြောင့် အိမ်ထောင်စုများသည် နောက်ပိုင်းတွင်ဝမ်းစာမရှိဘဲ စပါးတိုး၊ ငွေတိုးများကို အတိုးနှုန်းမြင့်စွာဖြင့် ငွေချေးသုံးရပါသည်။ လူငယ်၊လူရွယ်များ သည်ရွာအနီးတွင် အလုပ် အလွန်ရှားပါးလှသဖြင့် ရပ်ဝေးသို့သွားရောက်အလုပ်လုပ်ရပါသည်။ စပါးတိုး၊ငွေတိုးများက အတိုးနှုန်းမြင့်၍ ပြန်ဆပ်ချိန်စပါးထွက်မကောင်းလျှင် ဝမ်းစာမကျန် သူများလည်းရှိပါသည်။

ကျွန်တော်တို့ရွာ၏ မိသားစုများသည် ရာသီချိန် (၄)လလောက်သာ အလုပ်ရှိ၍ ကျန်လများမှာ ရရစားစားဖြင့် နေထိုင်ကြပြီး လူမှုရေး၊ကျန်းမာရေး၊ သာရေး၊နာရေးများကို စပါးရှိသူများကစပါး၊ ဘာမှမရှိသူများ က ငွေတိုးယူကြရသည်။ အကြွေးမြီများနှင့် မိသားစုစားဝတ်နေရေးကိုဖြေရှင်းရန် အလုပ်ရှိသည့် နေရာများသို့ သွားရောက်၍ အလုပ်လုပ်ကိုင်ကြရသည်။ လုပ်ကိုင်နေသူများမှာလည်း ခရီးအကွာ အဝေးနှင့် စားစရိတ်ကြောင့် ပိုလျှံမှုမရှိဘဲ တစ်ချို့သူများတွင် အကြွေးမြီဖြင့်သာ ရှာသောပိုက်ဆံများ ကုန်ကြရသည်။

ကျွန်တော်တို့ထန်းပင်ကုန်းကျေးရွာမှအဝေးနေရာသို့ သွားရောက် လုပ်ကိုင်နေသောသူထံမှ ပြန်ပို့ငွေကိုမှီခိုနေသောအိမ်ထောင်စု(၄၀)အိမ်ရှိပါသည်။ပြည်တွင်းခွဲကျား(၃၃)ဦး၊မ(၁၈)ဦးသွားရောက်ဝင်ငွေရှာဖွေလျက်ရှိပါသည်။ပြည်ပသို့သွားရောက်လုပ်ကိုင်သူကျား(၂)ဦးရှိပါသည်။ (၁)လခြား(၂)လခြားအိမ်သို့ပြန်လာ၍သော်လည်းကောင်း၊ လူကြုံဖြင့်လတိုင်းငွေပို့ကြ၍လည်းကောင်း၊ မြန်မာ့စီးပွားရေးဘဏ်မှလည်းကောင်းငွေလွှဲပို့၍ထောက်ပံ့ကြပါသည်။

(ဂ) ကုန်စည် နှင့် ဝန်ဆောင်မှု ဈေးကွက်။ ။ ကျွန်တော်တို့ထန်းပင်ကုန်းရွာနှင့် အနီးဆုံးဈေးမှာ ဂျိုးထောင်ဈေးဖြစ်ပြီး(၄)မိုင်ခန့်ကွာဝေးပါသည်။သယ်ယူပို့ဆောင်ရေးနည်းမှာကား၊ဆိုင်ကယ်၊ထော်လာဂျီဖြင့်ပစ္စည်းများကိုသယ်ယူရပါသည်။မိုးတွင်းကာလတွင်လမ်းပန်းဆက်သွယ်ရေးခက်ခဲသောဆကြောင့်ဆိုင်ကယ်ကိုသာ အသုံးပြုကြသည်။ ကုန်စည်နှင့်ဝန်ဆောင်မှုရရှိနိုင်မှုမှာ လိုအပ်သည့် ပစ္စည်းများ မရနိုင်ပါ။ ဈေးအခြေခံအဆောက်အဦးမှာ အသင့်အတင့်ကောင်းမွန်ပါသည် အကြီးစားဈေးမှာဝန်းသိုမြို့မဈေးဖြစ်ပြီးကျေးရွာမှ(၁၀)မိုင်ကွာဝေးပါသည်။ သယ်ယူပို့ဆောင်ရေးမှာကား၊ဆိုင်ကယ်၊သုံးဘီးတို့ အများဆုံးအသုံးပြုပါသည်။ ကုန်စည်ဝန်ဆောင်မှုမှာ အသင့် အတင့် ရှိပါသည်။ ဈေးအခြေခံ အဆာက်အဦးမှာကောင်းပါသည်။

(စ) ငွေကြေးလက်လှမ်းမီမှု နှင့် ဘဏ်လုပ်ငန်း။ ။ ကျွန်တော်တို့ထန်းပင်ကုန်းရွာရှိ တောင်သူလယ်သမားများကို မြန်မာ့စိုက်ပျိုးရေးဘဏ်မှ ချေးငွေရရှိပါသည်။ ၃လမှ ၆လအတွင်းကာလကို ဆပ်ရမည်ဆိုသော်လည်း တောင်သူများ၏ အခက်အခဲကြောင့် နောက်ကျမှဆပ်နိုင်ကြပါသည်။ မြန်မာ့စီးပွားရေးဘဏ်အတိုးနှုန်းမှာ(၂%)သာဖြစ်ပါသည်။ လယ်ဂရန်များကို အပေါင်ခံ ပစ္စည်းအဖြစ် ယူဆောင်သွားရသည်။ စပါးများကို ဈေးနှုန်းအခက်အခဲကြောင့် နောက်ကျမှ ရောင်းရခြင်း၊ သီးနှံဈေးနှုန်းမှန်ကန်စွာ မရခြင်း တောင်သူများ ခံစားနေရပါသည်။ ကျွန်တော် တို့ ဒေသရှိ တောင်သူများသည် တစ်အုပ်စုကို(၄)ရွာရှိပြီး စိုက်ဘဏ်ချေးငွေများကို (၄)ရွာလုံး ကြေပြီးမှ ချေးငွေများကို ထုတ်ပေးလေ့ရှိပါသည်။ အလုပ်အကိုင်ရှားပါးချိန်များတွင် အပေါင်ခံပစ္စည်းများဖြင့် ငွေချေးလေ့ရှိပါသည်။ အတိုးနှုန်း (၅%)ရှိပါသည်။ ဝမ်းစာရေးအတွက် ချေးငွေများကို ကာလတို/ကာလရှည်ယူလေ့ ရှိပါသည်။ ကျွန်တော်တို့ရွာ၏ အဓိကပြဿနာမှာ အတိုးနှုန်းများသောကြောင့် နေ့စား၊ကျပန်းလုပ်ကိုင်ရသူများ အလွန်ပင် အခက်အခဲ ဖြစ်နေရပါသည်။

(ဆ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု။ ။ ကျွန်တော်တို့ရွာသည် စိုက်ပျိုးရေးနှင့်ပတ်သက်၍မြေဆီသြဇာရှိနေပါသော်လည်းမြေဆီလွှာပျက်စီးမှုများဖြစ်ပေါ်ခြင်း၊တစ်ခါတစ်ရံမိုးခေါင်နေတတ်ခြင်းများကြောင့်စိုက်ပျိုးမှုအခက်အခဲကြုံလျက်ရှိပါသည်။ဖျက်ပိုးနှင့်ရောဂါကာကွယ်ထိန်းချုပ်မှုမရှိပါ။ရေအရင်းအမြစ်အခက်အခဲရှိပါသည်။ငါးမျိုးကွဲများသည်လည်းအခက်အခဲများစွာရှိပြီးစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုလည်းယခုအချိန်ထိအခက်အခဲတွေ့ရှိနေပါသည်။ကျေးရွာလယ်မြေများမှာမိုးရေခံလယ်များဖြစ်သောကြောင့်ရေအရင်းအမြစ်အန္တရာယ်ရှိမှုမှာမြင့်နေပါသည်။

(ဇ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး။ ။ ကျွန်တော်တို့ထန်းပင်ကုန်းရွာတွင် မူလတန်းအဆင့်စာသင်ကျောင်းရှိပြီး ကျောင်းသား ဦးရေ (၂၀)ခန့် ရှိပါသည်။

ကျောင်းဆောင်အရည်အသွေးမှာအသင့်အတင့်ကောင်းမွန်ပါသည်။ကျောင်းသုံးပရိဘောဂလုံလောက်မှုရှိပါသည်။ကျောင်းတွင်းအိမ်သာမှာကောင်းပါသည်။ စာသင်ကျောင်းသည် ရွာ၏အနီးတွင်ရှိသဖြင့် ကျောင်းသား/သူများ ခြေလျင်ကျောင်းတက်ကြ ပါသည်။ ကျောင်းတွင် ဆရာမဦးရေ(၄)ယောက်ရှိပါသည်။အလယ်တန်းအဆင့်ကျောင်းသူကျောင်းသားများအနေဖြင့်(၁)မိုင်ခန့်ဝေးသောတောင်ဘို့လှုကျေးရွာရှိအလယ်တန်းကျောင်းသို့တက်ရောက်ကြရပါသည်။ခြေလျင်၊စက်ဘီးဖြင့်တက်ရောက်ကြပါသည်။အထက်တန်းအဆင့်ကျောင်းသူကျောင်းသားများအနေဖြင့်(၈)မိုင်ခန့်ဝေးသောဂန်းသိုမြို့အထက်တန်းကျောင်းသို့သွားရောက်တက်ကြရပါသည်။ပညာရေးနှင့်ပတ်သက်၍ကျောင်းသုံးစာအုပ်နှင့်စာရေးကရိယာအားနည်းနေမှုရှိပါသည်။ဆင်းရဲသောမိသားစုမှထားသောကျောင်းသားများလည်းအသင့်အတင့်ရှိပါသည်။ကျောင်းအားကစားဆိုင်ရာပစ္စည်းများလက်လှမ်းမီမှုနည်းပါသည်။မိဘဆရာအသင်းဏ၏အခန်းကဏ္ဍာမှာအသင့်အတင့်အနေအထားတွင်ရှိပါသည်။ကျောင်းဆရာမလုံလောက်လည်းအလယ်တန်းပြီးသွားပါကကျောင်းထွက်မှုများရှိနေပါသေးသည်။

ထန်းပင်ကုန်းရွာတွင်တောင်ဘို့လှအုပ်စုတွင်ရှိသော ကျန်းမာရေးဌာနခွဲဆရာမက မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှုကို တာဝန်ယူပေးပါသည်။ ကာကွယ်ဆေးထိုးနှံမှုများတွင် ဆရာမတစ်ဦးတည်းရှိသဖြင့် ကြန့်ကြာမှု အနည်းငယ်ရှိပါသည်။ မိုးရာသီတွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် အခက်အခဲ အနည်းငယ် ရှိပါသည်။ ကျွန်တော်တို့ရွာတွင်လည်း ဆရာမတစ်ဦးရှိလျှင် မိုးရာသီအရေးပေါ်မီးဖွားမှုများကို အဆင်ပြေချောမွေ့စွာ လုပ်ဆောင်နိုင်ပြီး မိခင်နှင့်ကလေးအန္တရာယ်ကို စိုးရိမ်စရာမရှိတော့ပါ။

ကျွန်တော်တို့ရွာတွင် ကျေးလက်ဆေးပေးခန်းမရှိပါ။ တောင်ဘို့လှ ကျေးရွာအုပ်စုမှာသာ ကျေးလက်ကျန်းမာရေးဌာနခွဲထားရှိပါသည်။ ကျေးလက်ကျန်းမာရေးဌာနနှင့် (၁)မိုင်ခန့် ကွာဝေးပါသည်။ နေမကောင်းလျှင် ဆိုင်ကယ်နှင့် သွားကြပါသည်။ ကျန်းမာရေးဌာနခွဲတွင် ဆေးဝါးလုံလောက်မှုမရှိပါ။ ကျန်းမာရေးဌာန ဂန်ထမ်းအင်အားမှာ (၄)ရွာမှ ဆရာမ တစ်ဦးသာလျှင်ရှိပါသည်။ တိုက်နယ်ဆေးရုံနှင့် (၃)မိုင် ကွာဝေးပါသည်။ တိုက်နယ်ဆေးရုံ၌ ခေတ်မီဆေးဝါးများလုံလောက်မှုမရှိပါ။ မြို့နယ်ဆေးရုံနှင့် (၈)မိုင် ကွာဝေးလှပါသည်။ အရေးပေါ် လူနာများသာသွားကြပါသည်။

ကျွန်တော်တို့ထန်းပင်ကုန်းရွာတွင်ရေတွင်း(၁၁)တွင်းရှိပြီးမိုးရာသီ၊ဆောင်းရာသီများသာရေပေါများပြီး နွေရာသီတွင် ရေတွင်းအားလုံးရေထွက်နည်းပြီး ရွာသူ/သားများရေအခက်အခဲ ကြုံတွေ့နေရပါသည်။ကျေးရွာတွင်စိမ့်စမ်းရေရရှိသဖြင့်တစ်ရွာလုံးအသုံးပြုလျက်ရှိပါသည်။မိုးနှင့်ဆောင်းတွင်ရေလုံလောက်ပြီးနွေရာသီတွင်ရေနည်းသွားပါသည်။ ကျွဲ၊ နွား၊ ဝက်များ တစ်နိုင်တစ်ပိုင်မွေးမြူကြသဖြင့် တချို့အိမ်များတွင်သန့်ရှင်းရေးအနည်းငယ်လစ်ဟာမှုရှိပါသည်။မြို့ငယျာရွာသူ/သားများအားလုံးသည် ယင်လုံအိမ်သာများကိုသာ အသုံးပြုနေကြ ပါသည်။ အိမ်သာမရှိသည့် မိသားစုများလည်းအိမ်နားနီးချင်းအိမ်သာများတွင် အသုံးပြုကြပါသည်။

(ဈ) အခြေခံ အဆောက်အဦများအား လက်လှမ်းမီမှု (လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်း နှင့် ဆက်သွယ်ရေး) ။

ကျွန်တော်တို့ထန်းပင်ကုန်းကျေးရွာတွင်းမှာ(နတလ)ဖြစ်ပြီးကျေးရွာအတွင်းသို့ဖြတ်သွားပါသည်။လမ်းမှာကျောက်ခဲလမ်းဖြစ်သောလည်းမိုးတွင်းရေတိုက်စားမှုများကြောင့်သိပ်မကောင်းလှပါ။ လမ်းများနှင့် ကျေးရွာချင်းဆက် သွားလာသောလမ်းများသည် မြေသားလမ်းများဖြစ်၍ ရေတိုက်စားခြင်း ၊ချိုင့်ခွက်များ ရှိကာ တစ်ရွာမှတစ်ရွာကို သွားလာရာတွင် ကြန့်ကြာမှုရှိပါသည်။အာမခံလမ်းခွဲမှကျိုးထောင်အင်ကြင်းမော်လမ်းခွဲထိ(၉)မိုင်(၄)ဖာလုံ(နတလ)လမ်းဖြစ်ပါသည်။

ကျွန်တော်တို့ရွာတွင်(နတလ)လမ်းဖြတ်သွားသောကြောင့်ချောင်းအကူးနေရာများတွင်တံတားရှိပါသည်။လမ်းများအထက်နှင့်အောက်ရေယူမှုရှိသောနေရာများတွင်သစ်သားတံတားရှိပါသည်။ကွန်ကရစ်တံတားမှာ(၂)နှစ်မှ(၅)နှစ်အတွင်းတည်ဆောက်ခဲ့ပြီးသစ်သားတံတားမှာ(၅)နှစ်အထက်သက်တန်းရှိ[illegible]ဖြစ်ပါသည်။

ကျွန်တော်တို့ရွာ၏ သယ်ယူပို့ဆောင်ရေးစနစ်မှာ ဆိုင်ကယ်နှင့် နွားလှည်းများကိုသာ အများဆုံးအသုံးပြုပါသည်။ကျေးရွာတွင်သုံးဘီးဆိုင်ကယ်တစ်စီးနှင့်ကား(၂)စီး၊ဆိုင်ကယ်(၆၅)စီး၊နွားလှည်း(၃၂)စီးရှိပါသည်။သယ်ယူပို့ဆောင်ရေးလွယ်ကူစေရန်နှင့်သွားလာရန်၌အဆင်ပြေချောမွေ့စေရန်အသုံးပြုနေသူများဖြစ်ပါသည်။ကျွန်တော်တို့ရွာတွင်အိမ်ခြေ(၅၀)ရှိသည့်အနက်အိမ်ခြေ(၃၄)အိမ်သာမဟာဓာတ်အားလိုင်းကိုသုံးစွဲနိုင်ကြပါသည်။ကိုယ်ထူကိုယ်ထလျှပ်စစ်မီးဖြစ်နေကြသောကြောင့်ကျန်အိမ်ခြေမှာမီးသုံးစွဲနိုင်ခြင်းမရှိသေးပေ။ဆိုလာစနစ်ကိုအသုံးပြုနေသူမှာ(၁၂)အိမ်ရှိပါသည်။လုံ၀မသုံးစွဲနိုသောအိမ်ခြေမှာ(၆)အိမ်ရှိပါသည်။ ထန်းပင်ကုန်းကျေးရွာတွင် ဆက်သွယ်ရေးအသုံးပြုရန်ဖထုန်း(၁၂၄)လုံးရှိပြီးရေဒီယို(၄)လုံး၊တီဗီ(၂၇)လုံးနှင့်ဂြိုတုစလောင်း(၂၉)လုံးရှိပါသည်။

(ည) လူငယ် နှင့် ယဉ်ကျေးမှု။ ။

ထန်းပင်ကုန်းကျေးရွာတွင်လူမှုရေး၊ဘာသာရေးလုပ်ငန်များတွင်ပါ၀င်ဆောင်ရွက်ကြပါသည်ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်လုပ်ကိုင်ဆောင်ရွက်ကြပါသည်။ရိုးရာဓလေ့ယဉ်ကျေးမှုအမွေအနှစ်များထိမ်သိမ်စောင်ရှောက်ရာတွင်အားနည်းပါသည်။ ကျွန်တော်တို့ရွာတွင် လူငယ်အားကစားကွင်းများ၊ ကာယလေ့ကျင့်ခန်းများ ဆောင်ရွက်ရန် နေရာအထောက်အကူပစ္စည်းများမရှိခြင်း၊ လူငယ်များ အနားယူအပန်းဖြေစရာ ပန်းခြံ၊ စာကြည့်တိုက်များ၊ လူငယ်ရိပ်သာများမရှိခြင်းတို့ကြောင့် လူငယ် များလေ့လာမှုတစ်ရပ်အားနည်းနေပါသည်။ ထိုအရာများအားလုံးမရှိခြင်းကြောင့် အသိပညာ၊ ဗဟုသုတ၊ စဉ်စားချင့်ချိန်နိုင်စွမ်းလျော့နည်းလာပြီး မူးယစ်ဆေး၀ါးများကို သုံးစွဲလာကြပြီး ရွာသည် မဖွံ့ဖြိုးတော့ပဲ ဆင်းရဲလာကြပါသည်။ လူငယ်များသည် သမရိုးကျ လယ်ယာများကို မိဘနှင့်အတူစိုက်ပျိုးကြပြီး စားဖတ်နေရေးအတွက်ပြည်ပသို့ သွားရောက်စီးပွားရှာကြပါသည်။ ရွာတွင် လက်မှုပညာတတ်မြောက်သူနှင့် အသက်မွေးဝမ်းကျောင်း ပြုသူရှားပါးမှုကြောင့် လူငယ်များ ပျက်စီးဆုံးရှုံး

နေရပါသည်။ ရွာ၏လူငယ်များကို ပြင်ပအဖွဲ့စည်းများနှင့် အစိုးရအဖွဲ့အစည်းများမှ အသိပညာ၊ အတတ်ပညာသင်တန်းပို့ချမှုနှင့် အခြား ဝန်ဆောင်မှုများရရှိလျှင် အလွန်ပင်အဖိုးတန်သော လူငယ်များ အမြောက်အများ ထွက်ရှိလာမည် ဖြစ်သည်။

(၄) တည်ငြိမ်အေးချမ်းမှု နှင့် ပြည်သူ့လုံခြုံရေး။ ။ထန်းပင်ကုန်းကျေးရွာ၏ လုံခြုံရေး အခြေအနေမှာ အသင့်အတင့်သာရှိသည်။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဖြန့်ဝေခြင်း ဆိုင်ရာ အထောက်အကူပြု အဆောက်အဦးများ မရှိပါ။ ကျွန်တော်တို့ရွာတွင် အဖြစ်များဆုံးအမှုမှာ ခိုးမှု၊ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှု၊ ခိုက်ရန်ဖြစ်ပွားမှုတို့ ဖြစ်သည်။ လူကုန်ကူးမှုနှင့် အကြမ်းဖက် လုယက်မှုများမရှိပါ။ နွေရာသီတွင် မူးယစ်ဆေးဝါးသုံးစွဲသူများသည် ကျွဲ၊နွား၊များကို ခိုးယူရောင်းချ၍ သူတို့၏လိုအင်ဆန္ဒကိုဖြည့်ဆည်းကြသည်။ ထို့ကြောင့် မူးယစ်ဆေးဝါးသည် ကျွန်တော်တို့ရွာ၏အဓိကရန်သူဖြစ်၍အထက်အရာရှိများက တင်းတင်းကြပ်ကြပ် လုပ်ဆောင်သင့်ပါသည်။ မူးယစ်ဆေးဝါးပေါများသဖြင့် ညအခါသွားလာရာတွင် အန္တရာယ် အလွန်ပင်များပါသည်။

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ အကျဉ်းချုပ်

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်သော အခြေအနေကောင်းများ အသင့်အတင့်ရှိပါသည်။ လူငယ်လူရွယ်များနှင့်ရွာသူရွာသားများသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လေ့ရှိကြပါသည်။ စိုက်ပျိုးရေးအတွက် လယ်ယာမြေများရှိပြီး မြေဩဇာအသင့်အတင့်ကောင်းမွန်ပါသည်။ ရေအရင်းအမြစ်ရရှိနိုင်သော တောင်ကျချောင်းများရှိပါသည်။ စားကျက်မြေများ၊ မြေလွတ်မြေရိုင်းများပေါများခြင်းကြောင့် မွေးမြူရေးတွင်လည်း နွား၊ ကြက်၊ ဝက်များကို တိုးချဲ့မွေးမြူနိုင်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ကုန်ကြမ်းများရရှိနိုင်ပါသည်။

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာတွင် တောင်ကျချောင်းရေများရှိသော်လည်း ရေကိုသိုလှောင်မထားနိုင်ခြင်းကြောင့် မိုးရေကို သာမှီခိုအားထား၍ စိုက်ပျိုးနေကြရပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နေရသော်လည်း နည်းပညာ၊ ဗဟုသုတတတ်မြောက်မှု အားနည်းကြပါသည်။ မွေးမြူ ရေးလုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်ရန် ချေးငွေမရှိပါ။ အလုပ်အကိုင် အခွင့်အလမ်းရှားပါးခြင်းကြောင့် စိုက်ပျိုးရာသီပြီးချိန်တွင် အခြားဒေသများသို့ သွားရောက်၍ ဝင်ငွေရှာဖွေကြရပါသည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ရန် အခွင့်အလမ်းရှိသော်လည်း နည်းပညာ၊ ဗဟုသုတ၊ ချေးငွေ၊ ဈေးကွက် နှင့် လျှပ်စစ်မီးများလက်လှမ်းမမှီကြပါ။ဈေးကွက်လက်လှမ်းမမှီခြင်းသည်လည်းမကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အဟန့်အတားများဖြစ်နေပါသည်။ထို့ပြင်

မူးယစ်ဆေးဝါးသုံးစွဲသူများပြားလာခြင်းကြောင့် စားနပ်ရိက္ခာမဖူလုံခြင်း၊ ကူးစက်ရောဂါ ရရှိသူများပြားလာပြီး ဦးဆောင်နိုင်သော အမျိုးသားများ နည်းပါးလာခြင်းကြောင့် မြေယာမဲ့ ဆင်းရဲသားတောင်သူများ၊ လက်လုပ်လက်စား ကျပန်းများနှင့် အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသားအိမ်ထောင်စုများ၊ လှည့်လည်သွားလာ၍ ဈေးရောင်းရသူများ ပေါများလာခြင်းသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအဟန့်အတားများ ဖြစ်နေပါသည်။

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ

(က) ရည်မှန်းချက် ပန်းတိုင်

ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာများကို ကျေးရွာလူထု ပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာ ဖွံ့ဖြိုးရေးစီမံချက်တွင် ရေးဆွဲထားပါသည်။ ကျွန်တော်တို့ ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသည် ကျေးရွာဖြစ်သည့် အားလျှော်စွာ နောင်ငါးနှစ်အတွင်း လုပ်ကိုင် ဆောင်ရွက်သွားမည့် ရည်မှန်းချက်ပန်းတိုင်များနှင့် နည်းဗျူဟာများကို စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အသေးစား၊ အလတ်စား ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်လာစေရန် အောက်ပါအတိုင်း ချမှတ် ခဲ့ပါသည်။

က၊၁) စိုက်ပျိုးထုတ်ကုန်များတိုးတက်ထုတ်လုပ်ခြင်း၊ မွေးမြူရေးတိရိစ္ဆာန်များ တိုးတက်မွေးမြူ ခြင်း၊ တစ်နိုင်တစ်ပိုင် အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများ တိုးချဲ့ လုပ်ကိုင်ခြင်း အားဖြင့် အလုပ်အကိုင်အခွင့်အလမ်းများပေါများလာပြီး မိသားစု ဝင်ငွေတိုးလာစေရမည်။

က၊၂) အခြေခံ ပညာရေး၊ ကျန်းမာရေး၊ ရေ နှင့် သန့်ရှင်းရေး၊ လမ်းပန်းဆက်သွယ်ရေး နှင့် ကျေးရွာမီးလင်းရေးစသည့် လူမှုအခြေခံအဆောက်အဦးများ လက်လှမ်းမီမှု တိုးတက်လာပြီး ကျေးရွာလူထု၏ လူမှုဘဝအဆင့်အတန်း ပိုမိုတိုးတက်လာ စေရမည်။

(ခ) ဖွံ့ဖြိုးရေးဗျူဟာ

ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးရွာ အတွင်း အဟန့်အတားများ၊ စိန်ခေါ်မှုများ ကိုကျော်လွှားနိုင်ရန် ဖွံ့ဖြိုးရေးကို အထောက်အကူ ဖြစ်စေသော အလားအလာ အထောက်အပံ့များကို အသုံးချ၍ အောက်ပါဖွံ့ဖြိုးရေးဗျူဟာများကို သက်ဆိုင်ရာဌာနများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာလူထု များ ပူးပေါင်းပါဝင်ခြင်းဖြင့် ဖော်ထုတ် ထားပါ သည်။

(၁) ကျေးရွာ၏ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာစေရန် ဆည်မြောင်းဦးစီးဌာနနှင့် ချိတ်ဆက်၍ စိုက်ပျိုးရေ တစ်နှစ်ပတ်လုံး လုံလောက်စွာရရှိရန် ချိတ်ဆက်ဆောင်ရွက်ရမည်။ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနနှင့်ချိတ်ဆက်၍ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ၊ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ် ခြင်းနည်းပညာများ၊ ဘက်စုံပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းများ၊ မြေဆီလွှာနှင့်မြေဩဇာ အသုံးပြုနည်းများစသော စိုက်ပျိုးရေးနည်းပညာများကို ချိတ်ဆက်ရယူသွားရမည်။ အာမခံချက် ရှိသော သီးနှံထုတ်ကုန်ဈေးနှုန်းများရရှိရန် မြို့နယ်သီးနှံကုန်သည်များ၊ လုပ်ငန်းရှင်များနှင့် ချိတ်ဆက်လုပ်ဆောင်သွားရမည်။ မြို့နယ်တိရိစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ပူးပေါင်း၍

တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများအတွက် အခြေခံမွေးမြူရေးနည်းပညာနှင့် ကာကွယ်ဆေး ကုသဆေးများလက်လှမ်းမီရန် လုပ်ဆောင်သွားရန်ဖြစ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစားအလတ်စားစီးပွားရေးလုပ်ငန်းများအတွက် ချေးငွေအစီအစဉ်များနှင့် ချိတ်ဆက်ခြင်းများ ပြုလုပ်သွားရမည်။

(၂) ကျေးရွာ၏ ပညာရေးတက်မြောက်မှုတိုးတက်လာစေရန် မိဘဆရာပူးပေါင်း၍ ဆောင်ရွက်ခြင်း၊ သင်ကြားရေးအထောက်အကူပြုများ ဖြည့်ဆည်းခြင်း၊ ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်း၊ ဆရာဆရာမများ ပြည့်စုံအောင် ဆောင်ရွက်ခြင်း၊ ပြုလုပ်သွားမည်။ တစ်ကိုယ်ရေကျန်းမာရေး စောင့်ရှောက်မှုအတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှု နှင့် ဝန်ဆောင်မှုများ ချိတ်ဆက်ခြင်း၊ တစ်နှစ်ပတ်လုံး ရေရရှိအောင် စိမ့်စမ်းရေသွယ်ယူခြင်း၊ ရေလှောင်ကန်များ တည်ဆောက်ခြင်းတို့ကို လုပ်ဆောင်ကြရပါမည်။ ထို့အပြင် လူငယ်များစာပေဗဟုသုတလက်လှမ်းမီရန် စာဖတ်အလေ့အကျင့်ဖြစ်လာစေရန် စာကြည့်တိုက် အသင်းများဖွဲ့စည်းခြင်း၊ စာအုပ်စာပေများ လက်လှမ်းမှီရန် ပြန်/ဆက်ဌာနများနှင့်ချိတ်ဆက် ခြင်း၊ စာပေဟောပြောပွဲ၊ ဆွေးနွေးပွဲများဖန်တီး ပေးခြင်း၊ လူငယ်စွမ်းရည် မြှင့်တင်ရေး လုပ်ငန်းများမိတ်ဆက်ပေးခြင်း၊ စာဖတ်ရန်အလေ့အထ ထွန်းကားရန် အသိနိုးဆော်ခြင်း၊ လူငယ်များအား အားကစားလှုပ်ရှားမှုများလက်လှမ်းမီရန် ဖန်တီးပေးရန် တို့ဖြစ်ပါသည်။ ပညာရေး၊ ကျန်းမာရေးနှင့် ကူးသန်းသွားလာရေးအတွက် ကျေးရွာတွင်းလမ်း၊ ချဉ်းကပ်လမ်းနှင့် ရွာချင်းဆက်လမ်းများကို အဆင့်မြှင့်တင်ခြင်း၊ တံတားများတည်ဆောက်ခြင်း၊ အိမ်တိုင်း ဆိုလာမီးများတပ်ဆင်ခြင်း၊ ယင်းမှတဆင့် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီး သွယ်တန်းခြင်းများ ပြုလုပ်သွားခြင်းဖြင့် ကျေးရွာ၏ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးလာစေရမည်။

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

ဤကဏ္ဍသည် ကျေးရွာလူထုကိုယ်တိုင် မဖြေရှင်းနိုင်သော ပြဿနာများအတွက် နိုင်ငံတော် အဆင့်မှ မူဝါဒဆိုင်ရာ အရေးထားဆောင်ရွက်မှုနှင့် အစီအစဉ်ကျသော ပံ့ပိုးမှုများအပြင် ဒေသအဆင့်၊ မြို့နယ်အဆင့်တို့မှ အစီအစဉ်ကျသော ထောက်ပံ့မှုများ၊ ချိတ်ဆက်မှုများ လုပ်ဆောင်နိုင်ရန် ရည်ညွှန်းပါသည်။

(က) ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသောကျေးရွာတစ်ရွာဖြစ်သည့်အတွက် စိုက်ပျိုး ရေလုံလောက်စွာရရှိရေးသည် စိုက်ပျိုးထုတ်လုပ်မှုနှင့် အထွက်နှုန်းတိုးတက်ရန်အတွက် များစွာ အရေးကြီးပါသည်။ စိုက်ပျိုးရေလုံလောက်ရန် ငွေကြေး၊ နည်းပညာများကို ဆည်မြောင်းဌာန၊ အခြားသက်ဆိုင်ရာ ဌာနများမှ လိုအပ်သော နည်းပညာ၊ ငွေကြေးပံ့ပိုးနိုင်ရန် မူဝါဒများ၊ အစီအစဉ်များ ချမှတ်ရန် လိုအပ်မည်။ ထို့အပြင် ပိုးမွှားရောဂါကျရောက်ခြင်း၊ မျိုးကောင်းမျိုးသန့်များ မသုံးနိုင်ခြင်းများကြောင့် နှစ်စဉ်နှစ်တိုင်း အထွက်နှုန်း ကျဆင်း လာပါသည်။ စိုက်ပျိုးရေးပညာပေးဌာနတွင် ဝန်ထမ်းမလုံ လောက်ခြင်း၊ ဘတ်ဂျက်မပြည့်စုံခြင်း၊ ကွင်းပုံမှန် မဆင်းနိုင်ခြင်းများသည် အကြောင်းတစ်ရပ် ဖြစ်ပါသည်။ ထို့ကြောင့် မူဝါဒများ၊ ဘတ်ဂျက်များကို ဒေသ လိုအပ်ချက်များကို အခြေခံ၍ ရေးဆွဲပြီး၊ ကျွမ်းကျင်ဝန်ထမ်းများ ဖြည့်ဆည်းခန့်ထားရေး၊ လုံလောက်သော ဘတ်ဂျက်လျာထားချက် များထားရှိခြင်း များကို လုပ်ဆောင်သင့် ပါသည်။

(ခ) ကျေးရွာသူ/သားများသည် မိသားစုတစ်နိုင်တစ်ပိုင်ဝင်ငွေတိုးရန် အသေးစားမွေးမြူရေး လုပ်ငန်း များကို လုပ်ကိုင်နိုင်ရန် ရင်းနှီးနိုင်ခြင်းမရှိပါ။ အခြေခံမွေးမြူရေးစောင့်ရှောက်မှုများ မရရှိကြပါ။ တစ်နိုင်တစ်ပိုင်မွေးမြူရေးချေးငွေအစီအစဉ်များ ဆိုင်ရာမူဝါဒများ ချမှတ်သင့်ပါသည်။

